Special Advisory Council for
MYANMAR

# အမေရိကန်ပြည်ထောင်စုအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အနေနှင့် မြန်မာနိုင်ငံ၏ ခုခံတော်လှန်ရေးအင်အားစုများအား ယခုချက်ချင်း တိုက်ရိုက် ကူညီထောက်ပံ့ပေးရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်။

အမေရိကန်ပြည်ထောင်စုအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသည် မြန်မာနိုင်ငံရှိ မြေပြင်မှအခြေအနေများ လျင်မြန်စွာ ရုတ်ခြည်းပြောင်းလဲဖြစ်ပေါ်နေမှုများအပေါ် တုံ့ပြန်ရန် လိုအပ်ပြီး မြန်မာနိုင်ငံရှိ ခုခံတော်လှန်ရေး အင်အားစုများအတွက် ပစ္စည်းပိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာထောက်ပံ့မှုများကို ပံ့ပိုးပေးရန်နှင့် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများ မြင့်မားလာနေမှုမှ ပြည်သူများအား အကာအကွယ်ပေးရန် လိုအပ်သည်ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ (SAC-M) က ဆိုသည်။

SAC-M အဖွဲ့၏ တည်ထောင်သူများဖြစ်သော Yanghee Lee နှင့် Chris Sidoti တို့အပါအဝင် SAC-M အဖွဲ့ဝင်များသည် ယခုလအတွင်း အမေရိကန်ပြည်ထောင်စုရှိ ဝါရှင်တန်ဒီစီနှင့် နယူးယောက်မြို့များသို့ ခရီးသွားလာကာ အမေရိကန်ပြည်ထောင်စုအစိုးရ၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေး အစိုးရ (NUG) ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဤခရီးစဉ်သည် ၂၀၂၁ ခုနှစ်၊ ဇွန်လ၊ ၁၈ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံမှ မြန်မာနိုင်ငံ၏ အခြေအနေနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်အမှတ် ၇၅/၂၈၇ ကို ချမှတ်ခဲ့သည့် သုံးနှစ်မြောက်အထိမ်းအမှတ်နှင့် တိုက်ဆိုင်လျက်ရှိသည်။ ထိုအချိန်မှစ၍ မြန်မာစစ်အုပ်စု၏ ပြည်သူများအပေါ် စဥ်ဆက်မပြတ် တိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံတွင် ယခင်က မဖြစ်ခဲ့၊ မကြုံခဲ့ဖူးသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် လူ့အခွင့်အရေးဆိုင်ရာ ဘေးအန္တရာယ်ပျက်ကိန်း ကြီးမားစွာ ဖြစ်ပေါ်လာခဲ့သည်။ အဆိုပါအကျပ်အတည်းသည် ဒေသတစ်ဝှမ်းလုံး၏ တည်ငြိမ်ရေးနှင့် လုံခြုံရေးတို့အား ကြီးလေးပြင်းထန်စွာ ထိခိုက်လျော့ပါးစေသည်။ သို့တိုင် အထွေထွေညီလာခံသည် ဆုံးဖြတ်ချက်အမှတ် ၇၅/၂၈၇ ထုတ်ပြန်ချမှတ်ပြီးကတည်းက ဖြစ်ပေါ်နေသောအခြေအနေကို ဖြေရှင်းကိုင်တွယ်ခြင်း မရှိသေးပေ။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁ ရက်နေ့ စစ်တပ်၏အာဏာသိမ်းရန်ကြိုးပမ်းမှုအပေါ် တနိုင်ငံလုံးအတိုင်းအတာဖြင့် ခုခံတော်လှန်မှု စတင်ပေါ်ပေါက်လာစဉ်ကတည်းက နိုင်ငံတွင်း ပဋိပက္ခများ၏ အခြေအနေများသည် သိသာထင်ရှားစွာ ဆင့်ကဲပြောင်းလဲလာလျက်ရှိသည်။ နိုင်ငံတကာမှ သက်ဆိုင်သူများသည် မြေပြင်ပေါ်ရှိ အခြေအနေအသစ်များကို တုန့်ပြန်ရန်သော်လည်းကောင်း၊ အကျပ်အတည်းများအပေါ် ၎င်းတို့လက်ရှိကျင့်သုံးနေသော "စောင့်ကြည့်မှုသက်သက်" ချဥ်းကပ်မှုထက် ကျော်လွန်၍ မြန်မာနိုင်ငံရှိ အရပ်သားများ၏ဒုက္ခအား လျော့ပါးစေရန်နှင့် မြန်မာပြည်တွင်း လူ့အခွင့်အရေးအား ကာကွယ်ရန်အတွက် တိကျပြတ်သားသော လုပ်ဆောင်မှုများကို ကျင့်သုံးရန်သော်လည်းကောင်း ထမ်းဆောင်ရမည့်တာဝန်ရှိပေသည်။

SAC-M သည် ကုလသမဂ္ဂ အထွေထွေညီလာခံအား မြန်မာနိုင်ငံအတွက် ဆုံးဖြတ်ချက်အသစ်တစ်ရပ်ကို ထုတ်ပြန်ချမှတ်ရန် တိုက်တွန်းသည်၊ ယင်းတွင် ဖက်ဒရယ်ဒီမိုကရေစီနှင့် မြန်မာပြည်သူများ၏ ဆန္ဒနှင့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ (EROs) နှင့် ကျယ်ပြန့်သော အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အရေးပါမှုကို အသိအမှတ်ပြုရမည်။ အထွေထွေညီလာခံသည် မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေကို မဖြစ်မနေ ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ပြီး၊ မြန်မာပြည်သူများထံ တိုက်ရိုက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ သိသိသာသာဖြင့် ကြီးမားစွာ တိုးမြှင့်ပေးဝေရန် တောင်းဆိုသင့်သည်၊ ၎င်းတွင် နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများမှ ပံ့ပိုးပေးသော အကူအညီများပါဝင်ပြီး NUG၊ EROs နှင့် ကျယ်ပြန့်သော အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် တိုက်ရိုက်ညှိနှိုင်းဆောင်ရွက်သင့်သည်။ ထို့အပြင် အထွေထွေညီလာခံသည် အဖွဲ့ဝင်နိုင်ငံအားလုံးအား မြန်မာစစ်အုပ်စုသို့ လက်နက်များ၊ လက်နက်ပစ္စည်းများ၊ စစ်ရေးပစ္စည်းများနှင့် နှစ်မျိုးသုံးပစ္စည်းများအားလုံးအပြင် ဂျက်လေယာဉ်လောင်စာများ လွှဲပြောင်းပေးခြင်းကို ချက်ချင်းရပ်တန်းမှရပ်ရန် တိုက်တွန်းရမည်ဖြစ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက မြန်မာနိုင်ငံအတွက် လေးနက်အဓိပ္ပာယ်ရှိသည့် လုပ်ဆောင်မှုများ ပြုလုပ်ရန် အထမမြောက်စွာ ကြိုးပမ်းလျက်ရှိသည်မှာ တစ်နှစ်ခွဲပင် ကြာပြီဖြစ်သည်။ စစ်အုပ်စုမှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် အတည်ပြုချမှတ်ခဲ့သော မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ ကို လိုက်နာရန် ငြင်းဆိုခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ အရေးကိစ္စများတွင် အလွတ်သဘောအရ ဦးဆောင်နေသည့် လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်သည့် ဗြိတိန်နိုင်ငံသည် မြန်မာနိုင်ငံတွင်း ကြီးထွားလာသော အရေးပေါ်အခြေအနေကို ဖြေရှင်းရန်အတွက် ကောင်စီအား တိုက်တွန်းဖို့ရာ ပျက်ကွက်ခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းအား အဖွင့်ရှင်းလင်းပွဲတွင် မြန်မာနိုင်ငံအရေးဆိုင်ရာပြောဆိုခြင်းမှ တားမြစ်ခံရခြင်းသည် ကောင်စီ၏ တာဝန်ထမ်းရွက်နိုင်စွမ်းမရှိမှုမှာ အနိမ့်ဆုံးအဆင့် စံချိန်တွင်နေခြင်းပင်ဖြစ်သည်။ သက်ဆိုင်ရာနိုင်ငံမှ အမြဲတမ်းကိုယ်စားလှယ်တစ်ဦး၏ စကားပြောဆိုခွင့် ငြင်းပယ်ခံရခြင်းအား အင်မတန်မှအန္တရာယ်ရှိသော သာဓကတစ်ခုအဖြစ် SAC-M က ယူဆသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ကုလသမဂ္ဂပဋိညာဉ်၊ အခန်း ၇ အရ မြန်မာနိုင်ငံ၏ အခြေအနေအပြည့်အစုံအား နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးရန် ဆုံးဖြတ်ချက်အသစ်ကို ချမှတ်ရမည်ဖြစ်သည်။ လုံခြုံရေးကောင်စီက ထိုဆောင်ရွက်ချက်ကို မပြုလုပ်နိုင်လျှင်၊ သို့ မပြုလုပ်လျှင် အထွေထွေညီလာခံက မြန်မာနိုင်ငံအတွက် အထူးနိုင်ငံတကာရာဇဝတ်တရားခုံရုံးတရပ်ကို ထူထောင်၍ မြန်မာနိုင်ငံတွင်း ကျူးလွန်ခဲ့သော မြန်မာစစ်ခေါင်းဆောင်များ၏ အကြီးလေးဆုံးသော နိုင်ငံတကာရာဇဝတ်မှုများအား တရားစွဲရန် စတင် ဆောင်ရွက်ရမည်ဖြစ်သည်။

နောက်ဆုံးပိတ်အားဖြင့် SAC-M အနေနှင့် အမေရိကန်ပြည်ထောင်စုအစိုးရအား တိုက်တွန်းလိုသည်မှာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ US Federal Reserve မှ ထိန်းချုပ်ထားလိုက်သည့် မြန်မာနိုင်ငံ၏ နိုင်ငံခြားအရန်ငွေ အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်၊ သို့မဟုတ် အနည်းဆုံးအားဖြင့် ယင်းအချိန်မှစ၍ ထွက်ပေါ်လာသော

များပြားလှသည့်အတိုးငွေများအား မြန်မာပြည်သူများ၏ တရားဝင်ကိုယ်စားလှယ်များဖြစ်သော NUG, EROများ နှင့် ကျယ်ပြန့်သော အရပ်ဘက်လူ့အဖွဲ့အစည်းများထံ ပြန်လည်ပေးအပ်ရန်ဖြစ်သည်။ ဤငွေကြေးများသည် ခုခံတော်လှန်ရေးအာဏာပိုင်များအတွက် ပြည်သူများ၏ ကြီးမားသော လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ၎င်းတို့ ထိန်းချုပ်လျက်ရှိသော ဒေသများတွင် အုပ်ချုပ်ရေး စွမ်းဆောင်ရည်နှင့် ဝန်ဆောင်မှုပေးစွမ်းရေးကို အလွန်အမင်း တိုးတက်အောင် မြှင့်တင်ပေးနိုင်မည့် အသက် ကယ်ကြိုး တစ်စအဖြစ် ပေးစွမ်းနိုင်ပေလိမ့်မည်။